ကာတွန်းဗိုသံ စီစဉ်ရေးဆွဲသည်။

# မြန်မာ့ရိုးရာ
# စကားပုံများ
# ဓဆီးဓရာငြွယ်

၄



CARTOON
BOTHAN

mgyoe.com
mgyoe.com

mgyoe.com



ရှေးလူကြီးသူမများ ဆိုမိန့်ခဲ့သော
မြန်မာ့ရိုးရာစကားပုံများ မည်ကဲ့သို့ ဖြစ်ပေါ်လာပုံနှင့်
စကားပုံ ဆောင်ပုဒ်တို့ရဲ့ အသုံးဝင်ပုံတွေကို
သားသား၊ မီးမီးတို့ သိရှိနားလည်စေရန် ရည်ရွယ်ပြီး
ပုံလေးတွေနဲ့ တင်ဆက်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အားလုံး ဆေးရောင်ခြယ်ရင်း
အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်ကြပါစေ။

ISBN 9789997118844
BOT13
9 789997 118844
600.00 KS

mgyoe.com
mgyoe.com

mgyoe.com

ရှေးလူကြီးသူမများ ဆိုမိန့်ခဲ့သော
မြန်မာ့ရိုးရာစကားပုံများ မည်ကဲ့သို့ ဖြစ်ပေါ်လာပုံနှင့်
စကားပုံဆောင်ပုဒ်တို့၏ အသုံးဝင်ပုံများကို
သားသား၊ မီးမီးတို့ သိရှိနားလည်စေရန် ရည်ရွယ်ပြီး
ဦးဦးက ပုံလေးတွေနဲ့တကွ တင်ဆက်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အားလုံး ဆေးရောင်ခြယ်ရင်း
အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်ကြပါစေ...။ ။

ဦးဦးမိုသံ




ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုဓိလမ်း၊ ရန်ကင်း။
စောင်ရေ - ၅၀၀။

mgyoe.com

mgyoe.com

# ပညာရွှေအိုး လူမခိုး



ရွှေအိုးနှင့် အလားသဏ္ဍာန်တူသော ပညာကို မိမိတတ်မြောက်ထားပါက
မည်သူမျှ ခိုးယူနိုင်မည် မဟုတ်သောကြောင့် လူတိုင်းသည် ပညာကို အချိန်ရှိခိုက်တွင်
ဂရုတစိုက် သင်ယူသင့်ကြောင်း ဆုံးမထားသည့် စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# ပညာရှာ ပမာသူဖုန်းစား(သူတောင်းစား)



ပညာရှာသူများသည် ပညာရှာချိန်တွင် သူတောင်းစားကဲ့သို့ ပညာရှိသူများထံ
မရှက်မကြောက်ဖြင့် ပညာရပ်များကို တောင်းခံရှာမှီးမှသာ
ပညာရပ်များ ပြည့်စုံစွာ ရရှိနိုင်မည်ဟု ဆုံးမထားသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# နူရာဝဲစွဲ လဲရာသူခိုးထောင်း



နူနာရောဂါစွဲကပ်နေရာတွင် ယားယံသောဝဲနာ ထပ်ပေါက်သကဲ့သို့၊


လဲကျရာတွင် သူခိုးက တံတောင်နှင့် ထောင်းပြန်သကဲ့သို့

ဒုက္ခဖြစ်နေရာတွင် နောက်ထပ်ဒုက္ခတစ်ခု ထပ်ဆင့်ပေါ်လာပြန်သည်ကို ဆိုလိုခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

# နွားကွဲလျှင် ကျားကိုက်သည်



နွားအုပ်ကွဲလျှင် ကျားကိုက်ခံရသကဲ့သို့ အချင်းချင်း မညီမညွတ်ဖြစ်လျှင် ရန်သူ့အနှိပ်စက် ခံရခြင်းကို ဆိုလိုသည်။

mgyoe.com

mgyoe.com

# ဒေါသရှေ့ထား မှားတတ်သည်



အမျက်ဒေါသကို မချုပ်တည်းနိုင်ဘဲ စိတ်လိုက်မာန်ပါ
ပြုမူပြောဆိုခြင်းသည် အကျိုးမဖြစ်ဘဲ အဆိုးများသာ ဖြစ်ဖွယ်ရာရှိကြောင်း
သတိပေးဆုံးမသော စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# ဒူးလောက်တင်မှ ရင်လောက်ကျသည်




သားကောင်ကို လက်နက်ဖြင့် ချိန်ရွယ်၍ ပစ်ခတ်ရာတွင်
ဒူးနေရာသို့ မှန်း၍ပစ်မှ ရင်ဘတ်ကို မှန်နိုင်သကဲ့သို့
အလုပ်လုပ်ရာတွင် ပို၍ ရည်မှန်းထားမှ သင့်ရုံကျခြင်းကို ဖော်ပြသည့် စကားပုံဖြစ်သည်။

mgyoe.com

mgyoe.com

# ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်




ထိုးမည့်ဆင်သည် အရှိန်ပြင်းစွာ ထိုးလိုသည့်အခါ အရှိန်ယူသည့်အနေဖြင့် ခြေတစ်လှမ်းဆုတ်သကဲ့သို့ လုပ်ငန်းတစ်ခုကို အစွမ်းကုန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လိုသည့်အခါ အားယူရန် အခိုက်အတန့်အားဖြင့် အရှိန်လျှော့ခြင်းကို ဆိုလိုသည်။

mgyoe.com

mgyoe.com

# တန်ဆေး လွန်ဘေး



သင့်ရုံစားလျှင် ဆေးဖြစ်သည်။ အလွန်အကျွံစားလျှင် ဘေးဖြစ်သည်။
ထိုနည်းတူ အရာရာ၌ မယုတ်မလွန်ပြုလျှင် အကျိုးရှိ၍
အလွန်အကျွံပြုလျှင် အန္တရာယ်ရှိကြောင်း ဖော်ပြသည့် စကားပုံဖြစ်သည်။

mgyoe.com